# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ၄၃ ရက်မြောက်နေ့ အစီအစဉ်

## [ ၁၁-၅-၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင် ထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **ဝေးလံခေါင်သီ၍ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော ကျေးရွာများတွင် သတ်မှတ်ထားသော မဲဆန္ဒဦးရေ ဖြေလျော့ပြီး မဲရုံများ တိုးချဲ့ပေးရန်၊ မဲဆန္ဒရှင်များအား ဆန္ဒမဲပေးရန် သွားလာရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဆန္ဒမဲပေးရာတွင် ပယ်မဲမဖြစ်ပေါ်ရေးအတွက် မည်သို့ စီမံထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစောဘသိန်း၊ သထုံ မဲဆန္ဒနယ်၏ **တာဝန်ရှိသူအချို့က လမ်းဘေး ဝဲယာများကို ရောင်းစားထားမှုကြောင့် ကျေးရွာ၊ ရပ်ကွက်များတွင် ဖွံ့ဖြိုးရေးအတွက် လမ်းများအား ကွန်ကရစ်၊ ကတ္တရာလမ်းများ**

**ဖောက်လုပ်ရာ၌ ဝယ်ယူထားသူများနှင့် ပြဿနာ ကြုံတွေ့နေရပါသဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **ကုန်ပစ္စည်းများ ကုန်သွယ်ရာတွင် ကျင့်သုံးနေသော နိုင်ငံအဆင့် ပြတင်းတစ်ပေါက်စနစ်သည် မည်သည့် အကျိုးရလဒ်များရရှိကြောင်း သိလိုခြင်းနှင့် နိုင်ငံအဆင့်မှ အာဆီယံ ပြတင်းတစ်ပေါက်စနစ်သို့ အဆင့်မြှင့်ရာတွင် မည်သို့အကောင်အထည် ဖော် ဆောင်ရွက်မည်ကို သိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာဝင်းမြင့်၊ လှိုင် မဲဆန္ဒနယ်၏ **ပြည်တွင်းရှိ စီးပွားရေး လုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်စေရန်အတွက် ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ်တွင် Anti Dumping Tax, Safe Guard Tax များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းကောက်ခံရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးယုံဘီး၊ တနသ်ာရီ မဲဆန္ဒနယ်၏ **တနသ်ာရီမြို့နယ်၊ မောတောင် နယ်စပ်ဂိတ်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။